# နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းအပေါ်  စီမံအုပ်ချုပ်သူများမှ လေ့လာသုံးသပ်ချက်

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် (နှစ်ဝက်ကာလ) အတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသော သုံးသပ်ထုတ်ပြန် ကြေညာချက်ဖြစ်၍ ထိုဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်နှင့်အတူတွဲ၍ ဖတ်ရှုနိုင်ပါသည်။

ဝင်ငွေအလုံးစုံရှင်းတမ်းပေါင်းချုပ်
(ငွေပမာဏအားလုံးကို ကျပ်သန်းပေါင်းဖြင့်ဖော်ပြထားပါသည်။)

| | ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် | ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် | ရာခိုင်နှုန်းကွာခြားချက် |
|---|---|---|---|
| ဝင်ငွေ | ၈,၀၉၁ | ၅,၉၆၁ | ၃၆% |
| မူရင်းတန်ဖိုး | (၂,၇၃၃) | (၃,၀၄၇) | - ၁၀% |
| အကြမ်းအမြတ် | ၅,၃၅၈ | ၂,၉၁၄ | ၈၄% |
| အသုံးစရိတ် | (၁,၂၅၁) | (၉၇၅) | ၂၈% |
| တွဲဖက်လုပ်ငန်း၏အမြတ်ငွေ | ၂,၃၇၃ | ၉,၃၅၀ | - ၇၅% |
| အခွန်မလျာမီအသားတင်အမြတ် | ၆,၄၈၀ | ၁၁,၂၈၉ | - ၄၃% |
| (နှုတ်) ဝင်ငွေခွန် | (၁၉၃) | (၂၂၃) | - ၁၃% |
| အခွန်လျာပြီးအသားတင်အမြတ် | ၆,၂၈၇ | ၁၁,၀၆၆ | - ၄၃% |
| အကြမ်းအမြတ်ရာခိုင်နှုန်း | ၆၆% | ၄၉% | |
| ရှယ်ယာတစ်စု၏ ဝင်ငွေ (ကျပ်) | ၁၄၅ | ၂၇၉ | |

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏အခွန်နှင့်အခြားအသုံးစရိတ်များမနှုတ်မီ အကြမ်းအမြတ်သည် ယခင်နှစ်များ၏အလားတူကာလများထက် ကျော်လွန်ကာ ကျပ်(၂.၉)ဘီလီယံမှ ကျပ်(၅.၃)ဘီလီယံသို့ (၈၄) ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါသည်။ ယင်းသို့ ဝင်ငွေများတိုးမြှင့်လာရခြင်းမှာ လက်အောက်ခံ ကုမ္ပဏီဖြစ်သည့်  သီလဝါ ပရောပါတီး ဒတ်ပလော့မင့် (TPD) ၏ ပြောင်မြောက်သော လုပ်ငန်းဆောင်ရွက်ချက်များကြောင့် ဖြစ်ပါသည်။

သို့ရာတွင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏ အခွန်လျာထားပြီး လုပ်ငန်းလည်ပတ်ခြင်းမှ ရရှိသောအမြတ်ငွေသည် ယခင်နှစ်များ၏အလားတူကာလများထက် (၄၃) ရာခိုင်နှုန်း၊ ကျပ်(၆.၂) ဘီလီယမ်သို့ လျော့ကျသွားပါသည်။ ထိုသို့လျော့ကျရခြင်းမှာ တွဲဖက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားသော ကျွန်ုပ်တို့၏ အမြတ်ဝေစု (၇၅) ရာခိုင်နှုန်း လျော့နည်းသွားခြင်းနှင့် လုပ်ငန်းချောမွေ့စွာလည်ပတ်နိုင်ရန် လိုအပ်သော စီမံခန့်ခွဲမှု ဆိုင်ရာ ကျွမ်းကျင်သောသူများ ခန့်ထားခြင်းတို့ကြောင့် အထွေထွေအသုံးစရိတ်မှာလည်း ယခင်နှစ်ဝက်ကာလစာရင်းထက် (၂၈) ရာခိုင်နှုန်း တက်လာခြင်းကြောင့် ဖြစ်ပါသည်။

**သီလဝါ ပရောပါတီး ဒတ်ပလော့မင့်၏ ဆောင်ရွက်ချက်များ (TPD)**

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်ကို သီလဝါအထူးစီးပွားရေးဇုန်၊ ဇုန် (အေ) တွင်တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် ငှါးရမ်းခြင်း လုပ်ငန်းများ လုပ်ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါတီး ဒတ်ပလော့မင့်ကို သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) နှင့် ဖက်စပ်ဖွဲ့စည်းထားပြီး၊ TSMC ၏ အစုရှယ်ယာမှာ (၂၀) ရာခိုင်နှုန်းပါဝင်ပါသည်။

TPD ကုမ္ပဏီအနေဖြင့် လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်း ကန်ထရိုက်ရရှိခြင်းသည် ယခုနှစ်ဝက်ကာလအတွက် ဝင်ငွေရလဒ်ကောင်း ရရှိစေပါသည်။ အလုပ်သမားများ နေထိုင်ရန်အတွက် လုပ်သားအိမ်ယာ(၃)လုံးကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

လတ်တလောကာလတွင် သီလဝါစက်မှုဇုန်ရှိကုမ္ပဏီများတွင် လာရောက်လုပ်ကိုင်နေကြသော အလုပ်သမားများ နေထိုင်ရန်အတွက် လုပ်သားအိမ်ယာ (၃)လုံးကို စတင်ငှါးရမ်းနေပြီဖြစ်ပါသည်။ ထိုသို့ငှါးရမ်းခြင်းမှလည်း ကုမ္ပဏီအုပ်စုအတွက် ဝင်ငွေများ ရရှိစေပါသည်။ ထို့အပြင် TPD သည် (၄) ထပ်ဈေးဆိုင်အဆောက်အဦး (၂)လုံးကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ဈေးဆိုင်ခန်းတချို့အား ရောင်းချနိုင်ခဲ့ပြီး၊ တချို့အခန်းများအား ငှါးရမ်းထားရှိပြီး ဖြစ်ပါသည်။

လက်ရှိတွင် TPD သည် လူနေအိမ်ခန်းများ ငှါးရမ်းနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ညှိနှိုင်းမှုများ လုပ်ဆောင်ပြီးစီးပြီ ဖြစ်ပါသည်။

TPD သည် သီလဝါအထူးစီးပွားရေးဇုန်တွင် ကန်ထရိုက်လုပ်ငန်းစဉ်များ တိုးချဲ့လုပ်ဆောင်ရန် စက်ရုံငှါးရမ်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ခုနှစ်၊ ပထမ သုံးလပတ်တွင် ပြီးစီးရန်မျှော်မှန်းထားပါသည်။ ယခုဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ယင်းလုပ်ငန်းတိုးချဲ့ခြင်းမှ ဝင်ငွေများရရှိမည်ဟု ရည်မှန်းထားပါသည်။

ယခုဘဏ္ဍာရေးနှစ် ပထမ (၆) လအတွင်း သီလဝါ ပရောပါတီး ဒတ်ပလော့မင့်သည် ယခင်ဘဏ္ဍာရေးနှစ်ဝက်ထက် (၃၆) ရာခိုင်နှုန်း ကျော်လွန်ကာ လုပ်ငန်းလည်ပတ်ခြင်းမှ အမြတ်ငွေကျပ် (၃) ဘီလီယမ်ကျော်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

**မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက် (MJTD) ၏ လုပ်ငန်းဆောင်ရွက်ချက်များ**

မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်၏ ရှယ်ယာခွဲဝေ ပိုင်ဆိုင်မှု ရာခိုင်နှုန်းများမှာ

| | |
|---|---|
| မြန်မာသီလဝါ အက် (စ်) အီးဇက်ဟိုး (လ်) ဒင်း (စ်) ပတ်ဘလစ် လီမိတက် (MTSH) | ၄၁ % |
| သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ (TSMC) | ၁၀ % |
| ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) | ၁၀ % |
| အမ်အမ်အက် (စ်) သီလဝါ ဒီဗလော့မန့်ကုမ္ပဏီ လီမိတက် (MMSTD) | ၃၉ % |

မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန်ရှိ ဇုန် (အေ) ဖွံ့ဖြိုးရေးအတွက် တည်ဆောက်လုပ်ကိုင်ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်းနှင့် ရောင်းချခြင်းတို့ဖြင့် ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ရန် အလို့ငှာ စတင်တည်ထောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့တွင် ဇုန်(ဘီ) ရှိ ဟတ်တာ (၁၀၀) အား လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန် မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက်တွင် ပါဝင်သည့် ရှယ်ယာရှင်များမှ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**ပင်ငွေအလုံးစုံ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**
(ငွေပမာဏအားလုံးကို ကျပ်သန်းပေါင်းဖြင့် ဖော်ပြထားပါသည်။)

| | ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၃၀ရက် | ၂၀၁၇ခုနှစ်၊ မတ်လ ၃၁ ရက် |
|---|---|---|
| ရပိုင်ခွင့်များ | | |
| လက်ငင်းရပိုင်ခွင့်များ | **၆၈,၃၄၁** | ၇၀,၈၆၄ |
| ပုံသေပိုင်ပစ္စည်း | **၁၉,၄၃၉** | ၂၃,၈၄၃ |
| စုစုပေါင်းပိုင်ဆိုင်မှုများ | **၈၇,၇၈၀** | ၉၄,၇၀၇ |
| | | |
| ပေးရန်တာဝန်များ | | |
| လက်ငင်းပေးရန်တာဝန်များ | **၂,၂၁၄** | ၃,၇၆၅ |
| လက်ငင်းမဟုတ်သော တာဝန်များ | **၃,၂၄၃** | ၄,၇၈၄ |
| စုစုပေါင်းပေးရန်တာဝန်များ | **၅,၄၅၆** | ၈,၅၄၉ |
| **အသားတင်ရပိုင်ခွင့်များ** | **၈၂,၃၂၄** | ၈၆,၁၅၈ |
| | | |
| ရင်းနှီးငွေ | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | **၃၈,၉၂၉** | ၃၈,၉၂၉ |
| အမြတ်လက်ကျန် | **၃၅,၉၉၂** | ၄၀,၄၅၄ |
| ထိန်းချုပ်မှုမရှိသော ပိုင်ဆိုင်မှုများ | **၇,၄၀၃** | ၆,၇၇၅ |
| **စုစုပေါင်းရင်းနှီးငွေ** | **၈၂,၃၂၄** | ၈၆,၁၅၈ |

MTSH၏ လက်ငင်းရပိုင်ခွင့်များ နည်းနေရခြင်းမှာ MJTD သည် ပထမနှစ်ဝက်ကာလရှိ အမြတ်ဝေစုများကို ကြေညာခြင်း၊ ခွဲဝေခြင်းမရှိသေးသောကြောင့် ဖြစ်ပါသည်။ တန်ဖိုးလျော့များနှုတ်ထားခြင်းမှအပ အခြားပုံသေပိုင်ပစ္စည်းများ ထပ်မံဝယ်ယူခြင်းများ ဤ (၆)လတာ ကာလအတွင်းတွင် မရှိပါ။

**ရှေ့ အလားအလာများ**

စီမံအုပ်ချုပ်မှုအဖွဲ့အနေဖြင့် အစီရင်ခံတင်ပြလိုသည်မှာ မိမိကုမ္ပဏီတွင် အဓိကရင်းနှီးမြှုပ်နှံမှုပြုထားသည့် MJTD ကုမ္ပဏီ၏ ယခုဘဏ္ဍာရေးနှစ် ၂၀၁၇-၁၈ ၏ ပထမ (၆)လပတ်၏ ရလဒ်များသည် ဘဏ္ဍာရေးနှစ် ၂၀၁၆-၁၇ ပထမ (၆)လ ပတ်ကာလ နှင့် နှိုင်းယှဉ်ပါက လျော့နည်းကျဆင်းမှုဖြစ်ပေါ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ အဓိကအချက်မှာ ရောင်းချရန်သဘောတူညီပြီးဖြစ်သော်လည်း ဝင်ငွေအဖြစ်အသိအမှတ်ပြုပြီး စာရင်းရေးသွင်းနိုင်ရန်အတွက် စာရင်းစံများနှင့်အညီ အပြည့်အဝရရှိပြီးမှ ဝင်ငွေအဖြစ် စာရင်းရေးသွင်းမှု ပြုရသည့်အတွက် ဖြစ်ပါသည်။ ထို့ကြောင့် ယခု (၆) လ ပတ်အတွင်း ဝင်ငွေအဖြစ် မပေါ်လွင်လာသေးသော်ငြားလည်း လာမည့် (၆)လပတ်အတွင်း ဝင်ငွေအဖြစ် စာရင်းတင်သွင်းနိုင်မည် ဖြစ်ပါသည်။ စီမံအုပ်ချုပ်မှုအဖွဲ့ အနေဖြင့် MTSH ဘဏ္ဍာရေးဆိုင်ရာ မျှော်မှန်းချက်ရလဒ်အလုံးစုံကို ယခင်နှစ်ကဲ့သို့ အလားတူရရှိနိုင်မည်ဟု ယုံကြည်မှုအပြည့်အဝ ရှိပါသည်။ အကြောင်းရင်းမှာ ဇုန် (ဘီ)၊ Phase (2) အတွင်း အမှန်တကယ် ရောင်းချရရှိမှုဝင်ငွေများနှင့် ကြိုတင်ရောင်းချထားသည့် စက်မှုမြေကွက်များသည် အလားအလာကောင်းမွန်သည့် အကျိုးဖြစ်ထွန်းမည့် အနေအထားများကြောင့် ဖြစ်ပါသည်။ MJTD ၏ ဇုန် (ဘီ) ၊ Phase (2) ဖွံ့ဖြိုးမှုဆောင်ရွက်ချက်များအပေါ် ခိုင်မာသည့်ဝယ်လိုအားများရှိသဖြင့် စီမံအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် မိမိကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေသည် ဆက်လက်ခိုင်မာနေမည်ဟု ယုံကြည်ပါသည်။ စီမံအုပ်ချုပ်မှုအဖွဲ့အနေဖြင့် ဘဏ္ဍာရေးအခြေအနေသည် တစ်နှစ်ပတ်လုံးခြုံငုံကြည့်ပါက ကောင်းမွန်သည်ဟု သုံးသပ်ပါသည်။